ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လားရှိုးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀ – ၂၀၂၁)

# (Village Development Project)

ကွန်ဖြူကျေးရွာအုပ်စု၊ ဟိုပွေ့ကျေးရွာ

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဟိုပွေ့ကျေးရွာ၊ လားရှိုးမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၁ခုနှစ်၊ ဩဂုတ်လ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | စကားချီး | ၄ |
| | ဟိုဟွေ့ကျေးရွာသယံဇာတပြမြေပုံ၊ လား:ရှိုးမြို့နယ် | ၆ |
| | ဟိုဟွေ့ကျေးရွာရာသီခွင်ပြပြက္ခဒိန်၊ လား:ရှိုးမြို့နယ် | ၇ |
| | ဟိုဟွေ့ကျေးရွာနှင့်အဖွဲ့အစည်းများ ဆက်စပ်မှုပြမြေပုံ၊ လား:ရှိုးမြို့နယ် | ၈ |
| | အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ | |
| ၁။ | တည်နေရာနှင့်ပထဝီဝင်အနေအထား | ၉ |
| ၂။ | ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ | ၉ |
| ၃။ | လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ | ၉ |
| | (က) လူဦးရေဆိုင်ရာအချက်အလက်များ | ၉ |
| | (ခ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | ၁၀ |
| | (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | ၁၁ |
| ၄။ | ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၁၁ |
| ၅။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | ၁၂ |
| | (က) သီးနှံစိုက်ပျိုးရေး | ၁၂ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၁၃ |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၁၄ |
| | (ဃ)ရွှေ့ပြောင်းလုပ်သားများ | ၁၄ |
| | (င) ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက် | ၁၄ |
| | (စ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၁၅ |
| ၆။ | အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ | ၁၅ |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | ၁၅ |
| | (ခ ) ကျေးရွာမီးလင်းရေး | ၁၅ |
| | (ဂ ) သတင်းနှင့်ဆက်သွယ်ရေး | ၁၅ |
| ၇။ | ပညာရေး | ၁၅ |
| ၈။ | ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | ၁၆ |
| ၉။ | ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၇ |
| ၁၀။ | ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ | ၁၇ |
| ၁၁။ | ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး | ၁၇ |
| ၁၂။ | ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး | ၁၇ |
| ၁၃။ | ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ | ၁၈ |

| | | |
|---|---|---|
| | **အပိုင်း (ခ)  စီမံချက်ဆိုင်ရာအချက်အလက်** | |
| | စီမံချက်အဆိုပြုလွှာ(၁) | ၂၀ |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | ၂၂ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | ၂၃ |
| | **နောက်ဆက်တွဲ** (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြုဇယား | ၆၄ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၀၂၄ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြုဇယားစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။

ဩဂုတ်လ၊၂၀၂၁

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဟိုပွေ့ကျေးရွာ
လားရှိုးမြို့နယ်

## ဟိုပွေ့ကျေးရွာသယံဇာတပြမြေပုံ၊ လားရှိုးမြို့နယ်



# ဟိုပွေ့ကျေးရွာရာသီခွင်ပြပြက္ခဒိန်၊ လားရှိုးမြို့နယ်



ဟိုပွေ့ကျေးရွာအဖွဲ့အစည်းများနှင့်ဆက်စပ်မှုပြပုံ၊ လားရှိုးမြို့နယ်



## အပိုင်း (က)

## ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

## ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

### ၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

ဟိုပွေ့ကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ လားရှိုးမြို့နယ်အတွင်း၌ တည် ရှိပါသည်။ လားရှိုးမြို့၏ တောင်ဘက်တွင် တည်ရှိပြီး ဧရိယာအကျယ်အဝန်းမှာ(၁) စတုရန်း မိုင် ရှိပါသည်။ လားရှိုးမြို့နှင့်( ၃၃ )မိုင် အကွာအဝေးခန့်တွင်တည်ရှိပါသည်။ အရှေ့အရပ်တွင် တောတောင်များ၊ အနောက်အရပ်တွင် ပန်နားကျေးရွာ၊ တောင်အရပ်တွင် လွယ်စန်းကျေးရွာနှင့် မြောက်အရပ်တွင် လွယ်တောကျေးရွာတို့တည်ရှိပါသည်။

### ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျွန်တော်တို့ကျေးရွာ၏ ရေမြေရာသီဥတုအနေအထားမှာ တောင်ကုန်းတောင်တန်း/မြေပြန့် များ ဖြင့် ဖွဲ့စည်းထားပြီး ရာသီဥတုမှာ အပူအအေး မျှတမှုရှိပါသည်။ သဘာဝစိမ့်စမ်းရေများနှင့် လယ်စိုက်ကွင်းများလည်းရှိပါသည်။ ကျွန်တော်တို့ဟိုပွေ့ကျေးရွာတွင် သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ ခဲတင်ငွေ၊ ရေနံ၊ ကျောက်မျက်၊ ကျောက်၊ သဲ၊ ကျောက်စရစ် စသည်တို့မရှိပါ။ သဘာဝအပင်မျိုးစိတ်များ ၊ ဆေးဖက်ဝင် အပင်များ ရှာဖွေရခက်ခဲ ပါသည်။ ကျီး၊ တောက်၊ တောကြက်နှင့် အခြားသတ္တဝါငယ်၊ မြေအောင်းသတ္တဝါများ၊ တွားသွားသတ္တဝါများ၊ တိရစ္ဆာန်များကို တွေ့ရှိနိုင် ပါသည်။ ငှက်အမျိုးအစိတ်များ အမျိုးမျိုးကိုလည်း တွေ့ရှိနိုင်ပါသည်။ သဘာဝ တိရစ္ဆာန်မျိုးစိတ်များသည် တောတွင်း လူအရောက်အပေါက်များခြင်း၊ တောလိုက်ခြင်း တို့ကြောင့် နည်းပါးလာပြီဖြစ်ပါသည်။ ဟိုပွေ့ကျေးရွာတွင် နမ့်ယော်ချောင်းရှိပြီး စိမ့်စမ်းရေ ပေါများပါသည

### ၃။ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

#### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ဟိုပွေ့ကျေးရွာတွင် ရှမ်းလူမျိုးအများစုနေထိုင်ကြပြီး လူဦးရေစုစုပေါင်း(၂၆၃)ဦး ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄-၅)ဦး ရှိပါသည်။ လူဦးရေမှာ ကျား( ၁၃၄)ဦး၊ မ (၁၂၉)ဦး စုစုပေါင်း( ၂၆၃ )ဦးရှိပါသည်။ နို့စို့အရွယ်ကလေး ကျား(၁)ဦး၊ မ(၁)ဦး၊ (၅)နှစ်အောက်ကလေးငယ် မှာ ကျား(၁၈)ဦး၊ မ(၉)ဦး၊ မူလတန်း ကျောင်းသားအရွယ်ကျား (၈)ဦး၊ မ(၁၉) ဦး၊ အလယ်တန်း ကျောင်းသားအရွယ်ကျား(၁၅)ဦး၊ မ(၁၃) ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား ( ၈၉ )ဦး၊ မ (၈၃ )ဦး ၊ သက်ကြီးရွယ်ကြီးတွင် ကျား( ၃ ) ဦး၊ မ( ၄ ) ဦးရှိပါသည်။ မွေးကင်းစကလေးများသည်

ကျန်းမာသန်စွမ်းကြပါသည်။ မိဘအများစုသည် ကလေးများကို ကာကွယ်ဆေးထိုးပေးကြပြီး တစ်ချို့သောမိဘများသည် ကလေးများဖျားနာမည်စိုးသောကြောင့် ကာကွယ်ဆေးမထိုးပေးကြပါ။ မိဘအများစုသည် ၃နှစ်မှ၅နှစ်အထိ ကလေးငယ်များကို မူကြိုကျောင်းမရှိသဖြင့် ၎င်းအစ်ကို၊ အစ်မများ၊ ဘိုးဘွားများကထိန်းကျောင်းပေးပြီး မိဘများကဝမ်းစာအတွက် အလုပ်သွားလုပ်ကြပါသည်။ တချို့မိဘများမှာ အိမ်တွင်နေပြီး ကလေးထိန်းရင်း အိမ်မှုကိစ္စများကို လုပ်ကြပါသည်။ ကလေးများသည် (၆)နှစ်မှစ၍ မူလတန်းကျောင်းကို စတင်တက်ရောက်ကြပါသည်။ ကျွန်တော်တို့ ဟိုဟွေ့ကျေးရွာတွင် အ.မ.က(ခွဲ)ကျောင်းတစ်ကျောင်းရှိပါသည်။ ရွာတွင်းတွင် တည်ရှိသောကြောင့် ကျောင်းသို့ခြေလျင်ဖြင့် သွားကြပါသည်။ အလယ်တန်းအဆင့်ကို (၃)မိုင်ခန့်ဝေးသည့် မိုင်းယော် အ.ထ.က(ခွဲ)ကျောင်းသို့သွားရောက်၍ ပညာသင်ကြားနိုင်သော်လည်း ဆက်လက်သင်ယူကြခြင်း မရှိကြပါ။ အလုပ်လုပ်နိုင်သောအရွယ်များသည် တောင်ယာ၊ လယ်၊ စက်ချုပ်ခြင်းနှင့်ဈေးရောင်းခြင်း တို့ကိုလုပ်ကိုင်ကြပြီး တစ်ချို့သောသူများသည် ပြည်ပနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံနှင့်တရုတ်နိုင်ငံ များသို့ သွားရောက်ကာ အလုပ်လုပ်ကိုင်ကြပါသည်။

**(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့်မမျှတမှု**

ကျွန်တော်တို့ ဟိုဟွေ့ကျေးရွာ၏ စိုက်ပျိုးရေးတွင် ပြောင်းကိုအဓိကစိုက်ပျိုးပြီး စပါး၊ ကြက်သွန်ဖြူနှင့်နှမ်းတို့ကို အနည်းငယ်စိုက်ပျိုးကာ အသက်မွေးဝမ်းကျောင်းပြုကြ ပါသည်။ အဓိက စီးပွားရေးမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ စိုက်ပျိုးရာတွင် မိုးရေကို အဓိကသုံးပြီး စိုက်ပျိုးခြင်းဖြစ်သောကြောင့် မိုးရာသီအချိန်၌သာ ပြောင်းနှင့်စပါးကို စိုက်ပျိုးပါသည်။ ပြောင်းမျိုးစေ့များကို ရွာအနီးရှိပွဲရုံများထံတွင် ဝယ်ယူစိုက်ပျိုးကြပါသည်။ ယောက်ျားလေးများသည် ထွန်စက်ကို မောင်းပေးကြပြီး အမျိုးသမီးများက အစေ့ချကြ ပါသည်။ကျွန်တော်တို့ကျေးရသွာတွင် စိုက်ပျိုးရေး လုပ်ငန်းမလုပ်ဘဲ ကျပန်းအလုပ်ကိုလုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်းပြုသော အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ တချို့သောအိမ်ထောင်စုများသည် စိုက်ပျိုးရေးအလုပ်နှင့်တင် ဝမ်းစာမလုံ လောက်၍ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံများသို့ သွား ရောက်ပြီး ကျပန်းအလုပ်ကို လုပ်ကိုင်ကာ မိသားစုကို ငွေများပေးပို့ကြပါသည်။ တချို့သော အိမ် ထောင်စုများသည် စက်ချုပ်ခြင်း၊ ဈေးရောင်းခြင်း၊ ယာဉ်စက်ကိရိယာပြင်ဆင်ခြင်းလုပ်ငန်း တို့ကို လည်း လုပ်ကိုင်ကြပါသည်။ ဟိုဟွေ့ကျေးရွာတွင် အမျိုးသားများ၏ လုပ်အားခသည် အမျိုးသမီး များထက် ပိုမိုရရှိကြောင်း တွေ့ရှိရပါသည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးများသည် ပြောင်းဖူး ကိုသာချိုးရပြီး အမျိုးသားများသည် ပြောင်းဖူးအိတ်ကိုပါ မရခြင်းကြောင့်ဖြစ်ပါသည်။

ကျွန်တော်တို့ဟိုဟွေ့ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုများသည် တိုက်အိမ် များ နှင့်နေကြပြီး လယ်ယာမြေ(၅)ကေပိုင်ဆိုင်ကြပါသည်။ ကုန်ထုတ်လုပ်ငန်းနှင့်ဆိုင်သော ပစ္စည်းများ

ဖြစ်သည့် ထော်လာဂျီ၊ ကား၊ လက်တွန်းထွန်စက်တို့ကို ပိုင်ဆိုင်ကြပြီး အဓိက စီးပွားရေးမှာ စိုက်ပျိုးရေးနှင့်စျေးရောင်းခြင်း လုပ်ငန်းတို့ကိုလုပ်ကိုင်ကြပါသည်။ အလယ်အလတ်ရှိသောအိမ်ထောင်စုများသည် တိုက်အိမ်၊ ပျဉ်ထောင်အိမ်များနှင့်နေကြပြီး လယ်ယာမြေ(၃)ကေပိုင်ဆိုင်ကြပါသည်။ ကုန်ထုတ်လုပ်ငန်းနှင့်ဆိုင်သော ပစ္စည်းများဖြစ်သည့် ထော်လာဂျီ လက်တွန်းထွန်စက်တို့ကိုပိုင်ဆိုင်ကြပြီး အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးနှင့် စျေးရောင်းခြင်း လုပ်ငန်းတို့ကို လုပ်ကိုင်ကြပါသည်။ မပြေလည်သောအိမ်ထောင်စုများသည် ပျဉ်ထောင်အိမ်၊ ထရံကာအိမ်များနှင့်နေကြပြီး လယ်ယာမြေ(၂)ကေ ပိုင်ဆိုင်ကြပါသည်။ လက်တွန်းထွန်စက်များ ပိုင်ဆိုင်ပြီး အဓိကစီးပွားရေး လုပ်ငန်းမှာ စိုက်ပျိုးရေးနှင့်ကျပန်းလုပ်ငန်းတို့ကို လုပ်ကိုင်ကြပါသည်။ အလွန်မပြေလည်သောအိမ်ထောင်စုများသည် ထရံကာအိမ်များနှင့်နေကြပြီး ကျပန်းအလုပ်ကိုလုပ်ကိုင်ကြပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု**

ကျွန်တော်တို့ကျေးရွာတွင် တောင်ကျရေကြောင့် ရံဖန်ရံခါရေကြီးမှုများရှိတတ်ပါသည်။ လျှောင်သည်၁၀နှစ်မှတစ်ခါဖြစ်ပေါ်သော်လည်း အိမ်ခြေပျက်စီးခြင်းမရှိပါ။ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်းနှင့်သစ်ခုတ်ပြီး မီးသွေးဖုတ်ခြင်းများကြောင့် သစ်တောများပြုန်းတီးလာပါသည်။ စိုက်ပျိုးချိန်တွင် ရာသီဥတုမမှန်ခြင်း၊ မိုးခေါင်ခြင်းများဖြစ်ပေါ်ပါက စိုက်ပျိုးရေမလုံလောက်မှုများရှိလာနိုင်ပါသည်။ နွေရာသီတွင် တိရစ္ဆာန်ကူးစက်ရောဂါ (ကြက်နာ)အနည်းငယ်ကျရောက်မှုရှိပြီး မိုးရာသီတွင် ကြိုတင်ကာကွယ်မှုများမရှိခြင်း၊ ခြင်ထောင်ဖြင့်မအိပ်ခြင်းကြောင့် ငှက်ဖျားရောဂါဖြစ်ပွားမှု အနည်းငယ်ခံစားရလေ့ရှိပါသည်။ သို့သော်ကျန်းမာရေးဌာနမှ ပညာပေးဟောပြောပွဲများဆောင်ရွက်ခြင်း၊ ပိုးသတ်ဆေးများဖြန်းပေးခြင်းများကြောင့် ရောဂါဖြစ်ပွားမှုနည်းပါသည်။ မိုးရာသီတွင် မိုးရွာသွန်းမှုကြောင့် လမ်းများချိုင့်ခွက်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲပါသည်။ ကျေးရွာတွင် မြေနိမ့်ပိုင်းနေထိုင်သူများသည် မိုးရွာ၍ တောင်ကျရေများ စီးဆင်းသည့်အချိန်တွင် သွား ရောက်လုပ်ကိုင်စားသောက်ရန် ခက်ခဲသောကြောင့် ထိခိုက်လွယ်မှုမြင့်ပါသည်။ စားဝတ်နေရေး အတွက် အခြားဒေသသို့ ရွှေ့ပြောင်းလုပ်ကိုင်ကြသော်လည်း အလုပ်အာမခံချက်မရှိသောကြောင့် ထိခိုက်မှုမြင့်ပါသည်။

**၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ**

ကျွန်တော်တို့ ဟိုဟွေ့ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့၊ လူငယ်အဖွဲ့၊ ပညာရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ ပရဟိတအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ လုံခြုံရေးအဖွဲ့ဟူ၍ ကျေးရွာတွင်း လူထုအခြေပြုအဖွဲ့အစည်း (၇)ဖွဲ့ရှိပါသည်။ အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှုရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် ပြည်သူလုံခြုံရေးများကိုလုပ်ဆောင်ကြရပါသည်။ လူငယ်အဖွဲ့များသည် ကျေးရွာ၏ သာရေး/နာရေးများနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်စွာ လုပ်ဆောင်ကြပါ

သည်။ ကျေးရွာတွင်း သာရေး/နာရေးပွဲများရှိပါက လူငယ်အဖွဲ့နှင့်ရပ်မိရပ်ဖအဖွဲ့နှင့် ပရဟိတအဖွဲ့တို့မှဦးဆောင်၍ ရွာလုံးကျွတ်တတ်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။ ပညာရေးအဖွဲ့သည် ကျောင်းလိုအပ်ချက်များနှင့်ဝေယျာဝစ္စများကို ထောက်ပံ့နိုင်ရေးအတွက် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ ဂေါပကအဖွဲ့များသည် ကျေးရွာ၏အလှူအဒါန်းကိစ္စများ၊ ဘုရားပွဲများ၊ ကထိန်ပွဲများနှင့်ရှင်လောင်းပွဲများပြုလုပ်ရာတွင် ပါဝင်လုပ်ဆောင်ကြပါသည်။ ဟိုပေှ့ကျေးရွာတွင် လုံခြုံရေးအဖွဲ့ကို(၇)ဦးဖြင့် ဖွဲ့စည်းထားပြီး ကျေးရွာ၏လုံခြုံရေးကို တာဝန်ယူဆောင်ရွက်ပါသည်။ ဟိုပေှ့ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ မရှိပါ။

## ၅။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ကျွန်တော်တို့ ဟိုပေှ့ကျေးရွာတွင် စိုက်ပျိုးမြေဧကပေါင်း(၁၂၉)ဧကရှိပြီး မစိုက်ပျိုးပဲထားသော မြေလွတ်မြေလပ်မရှိပါ။ မြေလွပ်မြေလပ်များသည် တောတောင်များပြားခြင်း၊ ရေဝေတော ၊ ရေထွက်တောများဖြစ်ခြင်းကြောင့် ချဲ့ထွင်နိုင်မှုနည်းပါးပါသည်။ ကျွန်တော်တို့ကျေးရွာတွင် ပြောင်းကိုအဓိကစိုက်ပျိုးပြီး စပါး၊ ကြက်သွန်ဖြူနှင့်နှမ်းတို့ကို အနည်းငယ်စိုက်ပျိုးပါသည်။ မြေဆီလွှာအနေအထားမှာ တဖြည်းဖြည်း ညံ့ဖျင်းလာသည်ကို တွေ့ရှိရပါသည်။ စိုက်ပျိုးရာတွင်လည်း မြေဆီလွှာမကောင်းသောကြောင့် ဓာတ်မြေဩဇာကို ပိုမိုအသုံးပြုကြရပါသည်။ သဘာဝမြေဩဇာများထက် ဓာတ်မြေဩဇာများကို နှစ်စဉ်ဝယ်ယူသုံးစွဲနိုင်ပါသည်။ ယခုနှစ်တွင် ငမြှောင်တောင်ပိုးကဲ့သို့သော ဖျက်ပိုးများကျရောက်သဖြင့် တောင်သူများအတွက် အခက်အခဲတွေ့ကြုံရင်ဆိုင်ရပါသည်။ ထို့အပြင် ပေါင်းဓာတ်၊ ဆေးပိုးသတ်ဆေးများကို ဝယ်ယူသုံးစွဲရသောကြောင့် သွင်းအားစုသုံးငွေကိုပို၍ အသုံးပြုနေရပါသည်။ တိကျခိုင်မာသောဈေးကွက်မရှိခြင်းသည်လည်း တောင်သူများအတွက် အခက်အခဲရှိပါသည်။ စပါး(၁)ဧကလျှင် ပျှမ်းမျှ အထွက်နှုန်း တင်း(၄၀)ထွက်ရှိပြီး ပြောင်း (၁) တစ်ဧကလျှင် ပျမ်းမျှတင်း(၃၀)ထွက်ရှိပါသည်။ စပါးနှင့်ပြောင်းစိုက်ပျိုးသည့်ကာလမှာ ဇွန်လမှ နိုဝင်ဘာလအထိဖြစ်ပါသည်။ ဓာတ်မြေဩဇာနှင့်ဓာတုပိုးသတ်ဆေးများကို နီးစပ်ရာပြောင်းဖူးပွဲရုံများထံတွင် ဝယ်ယူရရှိနိုင်ပါသည်။ လုပ်သားငှားရမ်းသူများသောကြောင့် လုပ်သားငှားရမ်းရန် ခက်ခဲပါသည်။ မြေယာပြုပြင်ခြင်းများကို ကျေးရွာတွင်ကိုယ်ပိုင်လက်တွန်းထွန်စက်များဖြင့်လည်းကောင်း၊ ငှားရမ်းခြင်းဖြင့်လည်းကောင်း အသုံးပြုကြပါသည်။ အမြတ်ရရှိနိုင်မှုမှာ သီးနှံဈေးကွက်အလိုက် အတက်အကျပေါ်မူတည်၍ အမြတ်ရရှိကြပါသည်။ အများအားဖြင့်မှာထင်သလောက် အမြတ်မရရှိကြပေ။ သီးနှံစိုက်ပျိုးရာတွင်မြေဆီနည်းသောကြောင့် မြေဩဇာအများအပြားထည့်၍ စိုက်ပျိုးရသဖြင့် အရင်းနှီးများ၍အမြတ်နည်းသည်ကို တွေ့ရှိရပါသည်။

ကျွန်တော်တို့ ဟိုဟွေ့ကျေးရွာ၏ (၂၅.၈၆%)သည် မြေယာမဲ့သူများဖြစ်ပြီး ဆင်းရဲသော အိမ်ထောင်စုများဖြစ်ကြသည်။ တစ်နေ့လုပ်တစ်နေ့စားကြသူများဖြစ်သည်။ ကျွန်တော်တို့ဟိုဟွေ့ကျေးရွာရှိ မြေယာမဲ့များမှာထင်းခွေခြင်း၊ ဟင်းသီးဟင်းရွက်များစိုက်ပျိုး၍ မိုင်းယော်ဈေးသို့ သွားရောက်ရောင်းချကြရပါသည်။ မြေပိုင်ဆိုင်မှု၂.၅ဧကအောက်ရှိသော အိမ်ထောင်စုသည် (၄၆.၅၅%)ခန့်ရှိပြီး ဆင်းရဲသားတောင်သူများ ဖြစ်၍ မြေယာအနည်းငယ်ရှိပါသည်။ မြေပိုင်ဆိုင်မှု ၂.၅ဧကမှ ၅ဧကကြားရှိသော အိမ်ထောင်စုသည် ( ၂၅.၈၆%)ခန့်ရှိပြီး တောင်သူငယ်များဖြစ်၍ လယ်ယာမြေ လုံလောက်မှုရှိပါသည်။ မြေပိုင်ဆိုင်မှု ၅ဧကမှ ၁၂.၅ဧကကြားရှိသော အိမ်ထောင်စုသည် (၁.၇၂%)ခန့်ရှိပြီး တောင်သူလတ်များဖြစ်၍ လယ်မြေပိုင်ဆိုင်မှုဧကများပါသည်။ မြေပိုင်ဆိုင်မှု ၁၂.၅ဧကအထက်ရှိသော တောင်သူကြီးများ မရှိပါ။ ကျွန်တော်တို့ဟိုဟွေ့ကျေးရွာသည် ဆင်းရဲသားတောင်သူနှင့် တောင်သူငယ်အများစုရှိသော ကျေးရွာ ဖြစ်ပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာပိုင်ဆိုင်မှုသည် လက်တွန်းထွန်စက်(၈)စီးရှိပြီး ဦးရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက် (၄၄)အိမ်ရှိပါသည်။ တချို့အိမ်ထောင်စုများသည် ငွေကြေးမတတ်နိုင်သည့်အတွက် အချင်းချင်းထဲတွင် ငွေကြေးပေး၍ ဦးရမ်းအသုံးပြုကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် ချေးငွေကို ငွေတိုးချေးစားသူများထံတွင် အတိုးနှုန်း(၂%)မှ(၃%) ဖြင့် ချေးယူ၍ ရနိုင်ပါသည်။ စိုက်ပျိုးရေအရင်းအမြစ်သည်လည်း အသင့်အတင့်ရှိပါသည်။ ထို့အပြင် ဓာတ်မြေဩဇာနှင့် ဓာတုပိုးသတ်ဆေးများကိုလည်း နီးစပ်ရာပြောင်းဖူးပွဲရုံများထံတွင် ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံများကိုရောင်းချနိုင်သော်လည်း ဈေးနှုန်းမှန်ကန်စွာ မရောင်းချနိုင်ပါ။ ကျွန်တော်တို့ရွာသည် လယ်ယာမြေကိုစိုက်ပျိုးရာတွင် နည်းပညာပိုင်းဆိုင်ရာအသိပညာလုံးဝမရှိသဖြင့် နည်းလမ်းမှန်ကန်စွာ မစိုက်ပျိုးနိုင်ခြင်းနှင့် ဖျက်ပိုးရောဂါကျရောက်မှုအနည်းငယ်ရှိခြင်းကြောင့် ပြောင်းအထွက်နှုန်းနည်းပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ကျွန်တော်တို့ကျေးရွာတွင် နွား(၁၈၁)ကောင်၊ ဝက်(၃)ကောင်နှင့် ကြက်(၁၉၀)ကောင်ကို တစ်ဖက်တစ်လမ်းမှ ဝင်ငွေအနည်းငယ်ရရှိရန် တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ တိရိစ္ဆာန်များကို ကြိုတင် ကာကွယ်ဆေးထိုးနှံမှုမရှိပါ။ ရောဂါဖြစ်ပွားမှသာ သဘာဝဆေးနည်းဖြင့် ကုသကြပါသည်။ ကျွန်တော်တို့ ဟိုဟွေ့ ကျေးရွာတွင် ငါးလုပ်ငန်းဆောင်ရွက်မှုမရှိပါ။ ကျွန်တော်တို့ဟိုဟွေ့ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် အလားအလာအမြောက်အမြား ရှိပါသည်။ စိမ့်စမ်းရေများရှိခြင်းကြောင့် ရေအလုံအလောက်ရရှိနိုင်ပါသည်။ မျိုးကောင်းတိရိစ္ဆာန်များကို အသင့်အတင့် ဝယ်ယူရရှိနိုင် ပါသည်။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် ချေးငွေအသင့်အတင့်ရနိုင်ပြီး အစာ၊ ဆေးများကိုလည်း နီးစပ်ရာ

ဈေးကွက်တွင် ဝယ်ယူရရှိနိုင်ပါသည်။ လမ်းပန်းဆက်သွယ်ရေးအသင့်အတင့်ရှိသောကြောင့် ထုတ်ကုန်များကို ရောင်းချနိုင်ပါသည်။ ကျွန်တော်တို့ဟိုပေ့ကျေးရွာတွင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် စားကျက်မြေရှားပါးပါသည်။ ကျွန်တော်တို့ကျေးရွာတွင် မွေးမြူရေးအသိပညာ၊ အတတ်ပညာ ဝန်ဆောင်မှုများမရရှိပါ။ မွေးမြူရေးနည်းပညာဝန်ဆောင်မှုများရရှိလျှင် ကျွန်တော်တို့ ရွာအတွက် အလွန်အဆင်ပြေပြီး မိသားစုတစ်ကွဲတစ်ပြားဖြင့် ရပ်ဝေးသို့သွားရောက်၍ စီးပွားရှာရန်မလိုတော့ပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

စိုက်ပျိုးရေးမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းအချို့မှာ မိသားစုများ အနေဖြင့် ပန်းရံ၊ လက်သမား၊ နေ့စား၊ ကုန်စုံဈေးရောင်းခြင်းလုပ်ငန်းများကိုလည်း လုပ်ကိုင် လျှက်ရှိပါသည်။ ယာဉ်မောင်း၊ ယောဉ်စက်ပြင်ခြင်းကိုလည်း အသက်မွေးဝမ်းကျောင်းပြုနေသော အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ ထင်းခုတ်ခြင်း၊ သစ်ဥနှင့်သစ်ဖုရှာဖွေခြင်းလုပ်ငန်းနှင့် ခြံထွက်သီးနှံများ ဈေးသို့သွားရောက်ရောင်းချခြင်း လုပ်ငန်းများမှာ ဈေးကွက်မကောင်းသောကြောင့် လုပ်သားများငှားရမ်းရန် မလိုအပ်ပါ။ ဟိုပေ့ကျေးရွာသည် လားရှိုးမြို့နှင့်(၃၃)မိုင်ကွာဝေးသော်လည်း လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန်ပါသည်။ ကျွန်တော်တို့ကျေးရွာသည် ကျေးလက်ဦးစီးဌာနမှ အရစ်ကျငွေချေစနစ်ဖြင့် တပ်ဆင်ပေးထားသော ဆိုလာမီးများကို အသုံးပြုကြပါသည်။ ရွာတွင် လက်သမား၊ ပန်းရံလုပ်ငန်းများကို တတ်ကျွမ်းသူ အနည်းငယ်ရှိပါသည်။

ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပါသည်။ ဒေသထွက်ကုန်များ ရောင်းချရန် ဈေးကွက်နှင့်အသိအမြင်များမရှိ၍ ဈေးကွက်အခြေအနေကို ကောင်းစွာနားမလည်ပါ။ ကျေးရွာတွင် စက်ရုံ၊ အလုပ်ရုံများမရှိ၍ အသက်မွေးဝမ်းကျောင်း လုပ်ငန်း လုပ်ကိုင်ရန် ရာသီမရွေးလုပ်ငန်းခွင်မရှိဘဲ အလုပ်အကိုင်ရှားပါးပါသည်။ အသက်မွေးဝမ်းကျောင်းပညာနှင့်နည်းပညာဆိုင်ရာ ဝန်ဆောင်မှုများလည်း လိုအပ်လျှက်ရှိပါသည်။

## (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျွန်တော်တို့ကျေးရွာရှိ တောင်သူလယ်သမားအများစုသည် ငွေချေးပေးသူများထံတွင် အတိုးနှုန်း ၂% မှ ၃% ဖြင့် ချေးငွေရယူကြပါသည်။ ချေးငွေများကို ဖလမှ ၁နှစ်အတွင်း ပြန်၍ဆပ်ရပါသည်။ ချေးငွေများကို ချေးယူရာတွင် အပေါင်ခံပစ္စည်း မလိုအပ်ပါ။ သို့သော်လည်း ချေးငွေများကို လိုအပ်သည့် အချိန် တွင် လိုချင်သလောက်မရပါ။ ကျွန်တော်တို့ရွာ၏ အဓိကပြဿနာမှာ အတိုးနှုန်းများသောကြောင့် တောင်ယာ လုပ်ငန်းများကို လုပ်ကိုင်ရာတွင် အလွန်ပင်အခက်အခဲရှိပါသည်။

၆။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျွန်တော်တို့ဟိုပွေ့ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များအဖြစ် ဆိုင်ကယ် (၆၈) စီး၊ ထော်လာဂျီ(၂)စီးနှင့် နွားလှည်း(၃)စီးရှိပါသည်။ အများအားဖြင့် ဆိုင်ကယ်ကိုသာအသုံးပြုကြပါသည်။

ကျွန်တော်တို့ဟိုပွေ့ကျေးရွာ၏ ရွာတွင်းလမ်းနှင့် ချဉ်းကပ်လမ်းများမှာ မြေသားလမ်းများဖြစ်သောကြောင့် မိုးတွင်းကာလတွင် ရေတိုက်စားခြင်း၊ ချိုင့်ခွက်များရှိခြင်းတို့ ကြောင့် သွားလာရခက်ခဲခြင်း၊ လမ်းချော်ခြင်းများဖြစ်ပေါ်ခြင်းကြောင့် သွားလာရခက်ခဲပါသည်။ ရွာချင်းဆက်လမ်းသည် ကျောက်ခင်းလမ်းဖြစ် သောကြောင့် တစ်နှစ်ပတ်လုံးအသုံးပြုနိုင်ပါသည်။ ကျွန်တော်တို့ ကျေးရွာ တွင် မြစ်များ၊ ချောင်းများမရှိသောကြောင့် မည်သည့်တံတားအမျိုးအစားမှ အသုံးပြုခြင်း မရှိပါ။ ရွာတွင်မြစ်ကြောင်းနှင့် ပင်လယ်ရေကြောင်းမရှိပါသဖြင့် ရေကြောင်း သယ်ယူပို့ဆောင်ရေး မရှိပါ။

(ခ) ကျေးရွာမီးလင်းရေး

ကျွန်တော်တို့ ကျေးရွာသည် မြို့နှင့် အလှမ်းကွာဝေးသောကြောင့် မဟာဓာတ်အားလိုင်းမှ မီးမရရှိသေးသောကြောင့် ဆိုလာဘက်ထရီမီးများကိုသာ အသုံးပြုကြပါသည်။ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးအသုံးပြုသည့် အိမ်ထောင်စု(၅၈)အိမ်ရှိပြီး ပြုပြင်ထိန်းသိမ်းရေးစနစ်မှာညံ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ဆိုလာပျက်သည့်အချိန်တွင်ပြုပြင်ရန်အတွက် ဆိုင်မရှိဘဲအသစ်သာဝယ်ရခြင်းကြောင့် ဖြစ် ပါသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ဟိုပွေ့ကျေးရွာတွင် အိမ်တိုင်းနီးပါး တယ်လီဖုန်းများ ရှိပါသည်။ ဟိုပွေ့ကျေးရွာတွင် MPT နှင့်တယ်လီနောလိုင်းများသာရှိပြီး အင်တာနက်လိုင်းဝန်ဆောင်မှုမရရှိပါ။ ဖုန်းအပြင်အခြားဆက်သွယ်ရေးပစ္စည်းများ သုံးစွဲမှုမရှိကြပါ။

၇။ ပညာရေး

ကျွန်တော်တို့ ကျေးရွာတွင် အ.မ.က(ခွဲ)မူလတန်းကျောင်း တစ်ကျောင်းရှိပါသည်။ စာသင်ကျောင်းသည် ၁မိုင်ခန့်ကွာဝေးပြီး ခြေလျင်၊ ဆိုင်ကယ်ဖြင့် ကျောင်းသွားလေ့ရှိပါသည်။ ကျောင်း၏ အမိုး၊ နံရံ၊ အခင်းသည်လည်း အရည်အသွေးအသင့်အတင့် ကောင်းမွန်ပြီး ကျောင်းသုံးပရိဘောဂသည်လည်း လုံလောက်မှုရှိပါသည်။ ကျောင်းအိမ်သာမှာ ယင်လုံအိမ်သာဖြစ်သောကြောင့် ကလေးများ၏ ကျန်းမာရေးအတွက် အထူးသင့်လျော်ပါသည်။ ကျောင်းဆရာ/မဦးရေသည်လည်း အစိုးရခန့်ဆရာမ

(၁)ဦးနှင့် ကျေးရွာကော်မတီမှခန့်ထားသော ဆရာမ(၃)ဦးရှိပါသည်။

ကျွန်တော်တို့ဟိုဟွေ့ကျေးရွာတွင် မူလတန်းတက်ရောက်နေသော ကျား(၈)ဦးနှင့်မ(၁၉)ဦး သာရှိပါသည်။ မူလတန်းပညာကို တက်ရောက်သူဦးရေများပြီး အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာအဆင့်များကို တက်ရောက်သူမရှိသလောက်ရှားပါးပါသည်။ ကျွန်တော်တို့ ကျေးရွာတွင် မူလတန်းကျောင်းသာရှိသောကြောင့်(၄)တန်းထိသာ ပညာသင်ကြားနိုင်ပြီး အလယ်တန်း၊ အထက်တန်းကျောင်းများနှင့်အတော်အတန် ကွာဝေးခြင်းများကြောင့် မူလတန်းပညာအဆင့်နှင့်ပင် ကျောင်းထွက်သူဦးရေများပါသည်။ အဘယ်ကြောင့်ဆိုသော် အဆင့်မြှင့်ပညာတက်ရောက်ရန် ငွေကြေးမတတ်နိုင်ခြင်းကြောင့် ဖြစ်ပါသည်။

ကျွန်တော်တို့ကျေးရွာတွင် ကလေးများကို စာသင်ကြားပေးရန်အတွက် ကျောင်းဆရာ/မ လုံလောက်မှုမရှိပါ။ တပည့်–ဆရာအချိုး ၄၀း၁အောက် ဖြစ်ပြီး မူလတန်းပညာ ကျောင်းထွက်နှုန်းမရှိပါ။ ကျောင်းသုံးစာရေးကိရိယာများ အစိုးရမှထောက်ပံ့ပေးသော်လည်း ကျောင်းသားဦးရေများသောကြောင့် လုံလောက်မှု မရှိပါ။ ဆင်းရဲသော အိမ်ထောင်စုများသည် မိမိစားဝတ်နေရေးအတွက် တစ်နေ့လုပ် တစ်နေ့စားရသောကြောင့် ကျောင်းစရိတ်မတတ်နိုင်မှု အနည်းငယ်ရှိပါသည်။ မိဘများမှစားဝတ်နေရေး ခက်ခဲမှုများကြောင့် မူလတန်းပြီးမြောက်၍ အလယ်တန်းကို ဆက်လက်မတက်နိုင်ကြပါ။ မိဘဆရာအသင်းမှလည်း တတ်အားသရွေ့ကူညီဆောင်ရွက်ပေးပါသည်။

## ၈။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျွန်တော်တို့ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ တိုက်နယ်ဆေးရုံသည် ရွာနှင့် (၁)မိုင်မှ(၂)မိုင်ကြားသာကွာဝေးပြီး အခန်းကုတင်လုံလောက်မှုရှိပါသည်။ မြို့နယ်ဆေးရုံနှင့် (၃၃)မိုင်ခန့်ကွာဝေးသောကြောင့် အရေးပေါ်မွေးလူနာပို့ဆောင်ရာတွင် အခက်အခဲများရှိပါသည်။ ကျွန်တော်တို့ကျေးရွာတွင် ဆေးဆိုင်မရှိသောကြောင့် မိုင်းယော်ကျေးရွာသို့ သွားရောက်ဝယ်ယူရပြီး ဆေးဆိုင်တွင် ဆေးဝါးများကို စနက်တကျ သိုလှောင်ထားပါသည်။

ကျွန်တော်တို့ဟိုဟွေ့ကျေးရွာတွင် သွေးတိုးရောဂါသည် အဖြစ်အများဆုံးသောရောဂါဖြစ်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဌက်ဖျားရောဂါ၊ အသက်ရှူလမ်းကြောင်းကူးစက်ရောဂါ၊ တီဘီရောဂါ၊ ဆီးချိုရောဂါ၊ အသည်းရောဂါ၊ အာဟာရချို့တဲ့မှုရောဂါတို့မှာ အဖြစ်နည်းကြပါသည်။ HIV /AIDS နှင့် လိင်မှတဆင့် ကူးစက်နိုင်သော ရောဂါများ မရှိပါ။

ကျွန်တော်တို့ကျေးရွာ၌ နွေရာသီတွင် သန့်ရှင်းသောသောက်သုံးရေကို စိမ့်စမ်းရေမှ ရရှိပါသည်။ နွေနှင့်ဆောင်းကာလတွင် သောက်သုံးရေကောင်းသော်လည်း မိုးရာသီတွင် အနည်းငယ်အခက်အခဲရှိပါသည်။ မိုးရာသီတွင် မိုးရေများ များစွာစီးဆင်းမှုကြောင့် ရေနောက်ပြီး သောက်သုံးရန်

အတွက်မသင့်ပေ။ ကျွန်တော်တို့ကျေးရွာတွင် အများအားဖြင့်အိမ်တိုင်းနီးပါးသန့်ရှင်းသော ရေလောင်းယင်လုံအိမ်သာကိုသာ သုံးစွဲကြပါသည်။

**၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ဟိုပွေ့ကျေးရွာသည် စိုက်ပျိုးရေးကို လုပ်ကိုင်သော ရွာဖြစ်သောကြောင့် စိုက်ပျိုးသည့် အချိန်တွင် အထွက်နှုန်းတိုးရန်အတွက် ဓာတ်မြေဩဇာများကို တစ်နှစ်ထက်တစ်နှစ်ပို၍ ထည့်သုံး ရပါသည်။ ထို့ကြောင့် မြေဆီဩဇာသည် အလွန်ပင်ပျက်စီးပါသည်။ ကျွန်တော်တို့ရွာသည် သစ်တောသစ်ပင် မပြုန်းတီးအောင် နှစ်စဉ်နှစ်တိုင်း အပင်ငယ်များကို စိုက်ပျိုးခြင်း မရှိပါ။ ရွာတွင် ဖျက်ပိုးနှင့်ရောဂါ ကာကွယ်ထိန်းချုပ်မှုကို လေ့လာသင်ယူသည့်သူမရှိသလောက် နည်းပါးပါသည်။ သစ်ပင်များခုတ်လှဲ မှုများ၍ သဘာဝအပင်မျိုးစိတ်မျာ ပြုန်းတီးမှုများသောကြောင့် အပင်မျိုးစိတ်များပျက်သုန်းမှုအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသည်။ ဖျက်ပိုးများ ခရုများကျရောက်သည့်အချိန်တွင် နည်းပညာအကူအညီ များ မရယူဘဲ နီးစပ်ရာအချင်းချင်း(သို့မဟုတ်)မိမိအစီအစဉ်ဖြင့်သာ ပိုးသတ်ဆေးများဖြန်း၍ နှိမ်နှင်းကြပါသည်။ စိမ့်စမ်းရေကို အဓိကသုံးစွဲကြသဖြင့် မိုးရာသီ၌ ရေကြီးမှုနှင့် ရေတိုက်စားမှုများကြောင့် ရေတားတမံများ ပျက်စီးခြင်း၊ မြေပြိုခြင်းများ ဖြစ်နိုင်ပါသည်။ အမှိုက်သရိုက်များကိုစည်းကမ်းမဲ့စွာ ချောင်းမြောင်းထဲတွင် စွန့်ပစ်ကြပါသည်။ အချို့အိမ်များသည် အမှိုက်များကို မီးရှို့ဖျက်ဆီး ကြပါသည်။ အမှိုက်များကို စနစ်တကျကျင်းတူးပြီး စွန့်ပစ်သည့် အလေ့အထ များမရှိပါ။

**၁၀။ ကျား၊ မ ရေးရာကိစ္စရပ်ဆိုင်ရာ**

ကျွန်တော်တို့ကျေးရွာတွင် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းတွင် အမျိုးသမီးများ တက်ကြွစွာပါဝင် ဆောင်ရွက်မှုရှိကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ပါဝင်မှု၊ ခေါင်းဆောင်မှု အားနည်းကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီးများ၏ အခွင့်အရေးမှာ အမျိုးသားများနှင့် နှိုင်းစာလျှင် ရိုးရာယဉ်ကျေးမှုအရ အမျိုးသားများကသာအိမ်ထောင်ကို ဦးစီးကြပါသည်။ အမျိုးသမီးအများစုမှာ လုပ်ငန်းခွင်နှင့် အိမ်မှုကိစ္စ၊ သားသမီး၊ မိသားစုအရေးများအတွက်ဖြင့်သာ အချိန်ကုန်မြုပ်နှံထားသောကြောင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးအနည်းငယ်သာ ပါဝင်နိုင်မှုရှိကြောင်း တွေ့ရှိရပါသည်။ ပတ်ဝန်းကျင်မြို့ပြနှင့် ဗဟုသုတဝေးကွာနည်းပါးလှပါသည်။ အမျိုးသမီးအများစုမှာ အုပ်ချုပ်ရေးအပိုင်းတွင် စိတ်ဝင်စားမှုအလွန်နည်းပါးလှပါသည်။ သာရေး/နာရေး ချက်ပြုတ်ရေး ကိစ္စများတွင် အမျိုးသားများထက် ပို၍ စွမ်းဆောင်နိုင်ပါသည်။

## ၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူငယ်လူရွယ်အနည်းစုသည် စိတ်အားထက်သန်စွာ ပါဝင်ကြခြင်း မရှိကြချေ။ ဘာသာရေးလုပ်ငန်းများတွင် ဘာသာရေးနှင့်သက်ဆိုင်သည့်လုပ်ငန်းများကို ရွာလုံးကျွတ် ပူးပေါင်းပါဝင်ကြပါသည်။ အားကစားနှင့် ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန်နေရာနှင့် အထောက်အကူ ပစ္စည်းများ လုံး၀ မရှိပါ။ သီတင်းကျွတ်ပွဲ၊ တန်ဆောင်တိုင်ပွဲနှင့်ရပ်ရွာပွဲများတွင် လူငယ်များသည် တိုးနယား အကများ၊ ရှမ်းယဉ်ကျေးမှု အကအလှများဖြင့် ကပြဖျော်ဖြေလေ့ရှိ**ပါသည်။** ကျေးရွာတွင် လူငယ်များ စာဖတ်လေ့လာရန် စာကြည့်တိုက် မရှိပါ။

## ၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျွန်တော်တို့ကျေးရွာတွင် တယ်လီဖုန်းလိုင်းရှိသော်လည်း အင်တာနက်လိုင်းများနှင့် ရုပ်မြင်သံကြား လိုင်းများ မရရှိပါ။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် ဖြန့်ဝေခြင်းဆိုင်ရာ အထောက်အကူပြု အဆောက်အဦးများမရှိပါ။ အာမခံလုပ်ငန်းများ၏ ဝန်ဆောင်မှုများမရှိပါ။ မှုခင်းများကာကွယ်တားဆီး လျှော့ချရေးအတွက် ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှုပေးခြင်းများ မရှိပါ။ ကျွန်တော်တို့ကျေးရွာ တွင် လူကုန်ကူးမှု၊ ခိုးမှုနှင့်အကြမ်းဖက်မှုများမရှိပါ။ မူးယစ်ဆေးဝါးများ အလွယ်တကူဝယ်ယူ သုံးစွဲနိုင်သောကြောင့် မူးယစ်ဆေးသုံးစွဲမှုအနည်းငယ်ရှိပါသည်။

# အပိုင်း (ခ)

## စီမံချက်ဆိုင်ရာ အချက်အလက်များ

## ၁၃။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

| စဉ် | စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ |
|---|---|---|---|---|---|---|---|
| ၁ | ရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း | ၁ | ✔ | | | | |
| ၂ | စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း | ၂ | ✔ | ✔ | ✔ | | |
| ၃ | စိုက်ပျိုးရေးအသိပညာပေးဟောပြောပွဲ | ၄ | ✔ | ✔ | ✔ | | |
| ၄ | ဖုန်းတာဝါတိုင်ရရှိရန် ဆောင်ရွက်ခြင်း | ၅ | ✔ | ✔ | ✔ | ✔ | ✔ |
| ၅ | မဟာဓါတ်အားလိုင်းရရှိရန် ဆောင်ရွက်ခြင်း | ၃ | | | ✔ | ✔ | |
| ၆ | ဌာနမှ ဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းသင်တန်းများတက်ရောက်ရန် | ၆ | | ✔ | ✔ | ✔ | ✔ |

## အပိုင်း (ခ)

## စီမံချက်ဆိုင်ရာအချက်အလက်များ

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁) ဟိုပွေ့ကျေးရွာ

**ကျေးရွာ** – ဟိုပွေ့ကျေးရွာ
**ကျေးရွာအုပ်စု** – ကွန်ဖြူကျေးရွာအုပ်စု
**မြို့နယ်** – လားရှိုးမြို့နယ်
**တိုင်းဒေသကြီး / ပြည်နယ်** – ရှမ်းပြည်နယ်(မြောက်ပိုင်း)

**စီမံချက်အမည်**– ကျေးရွာလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း

**စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- ကျေးရွာတွင်းလမ်းများ မိုးရာသီတွင် ရွှံ့များ၊ ဗွက်များ၊ ချိုင့်ခွက်များဖြစ်ပေါ်ခြင်းကြောင့် သွားလာရခက်ခဲသဖြင့် စီမံချက်ရယူရန် လိုအပ်ပါသည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်)**

- ကျေးရွာလူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊
- လမ်းဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် သွားလာရာတွင် လွယ်ကူစေရန်၊
- ကျောင်းသား/သူများ ပညာသင်ယူရာတွင် အထောက်အကူပြုစေရန်။

**မျှော်မှန်းအကျိုးရလဒ်**
**(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)**

- လမ်းကောင်းမွန်မှုကြောင့်လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်လာမည်။
- ကျောင်းသား/ကျောင်းသူများပညာသင်ယူမှုအဆင့်အတန်းမြင့်မားတိုးတက်လာမည်။
- လမ်းကောင်းမွန်မှုကြောင့်စီးပွားရေးရောင်းဝယ်မှုပိုမိုအဆင်ပြေလာမည်။
- ကျေးရွာလည်းယခင်ကထက်ပိုမိုတိုးတက်လာပါမည်။

**စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်)**

- ကျေးရွာလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း(၈၀၀'× ၁၂'× ၆")

**စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု**

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့်အစီအစဉ် |
|---|---|
| • ၁၀၀၀၀၀၀၀(ငွေသား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| • ၄၁၅၀၀၀၀(ငွေသား) | • ကျေးရွာ |
| • ×××××××× (ပစ္စည်း/လုပ်အား) | • ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | ၁၃၄ | ၁၂၉ | ၂၆၃ | ၁ | ၁၀ | ၂၇ | ၂၀ | ၅၈ |
| အကျိုးခံစားမည့်သူဦးရေ | ၁၃၄ | ၁၂၉ | ၂၆၃ | ၁ | ၁၀ | ၂၇ | ၂၀ | ၅၈ |
| မှတ်ချက်။ချောင်လည်အဆင့်–၁၊အလယ်အလတ်အဆင့်–၂၊ဆင်းရဲ–၃၊အလွန်ဆင်းရဲ–၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် နှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**<br>• **ဟိုဟွေ့**ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ |
| **(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** – ၂၆.၂.၂၀၂၁ |
| **(၃) စီမံချက်ပြီးစီးမည့်အချိန်** – ၂၅.၄.၂၀၂၁ |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –**<br>• ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအတွက် လိုအပ်သော အထောက်အကူပြုပစ္စည်းများနှင့်လုပ်အား ကို ကျေးရွာမှ ထည့်ဝင်ပါမည်။<br>• လိုအပ်သောငွေကြေးကို ကျေးရွာမှ စုပေါင်းကျခံသွားပါမည်။ |
| **(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီ အစဉ်များ**<br>• လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့် အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။<br>• လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင် ခြင်းနှင့် ဖွင့်လှစ်ပွဲလုပ်ဆောင်ပါမည်။<br>• လမ်းပြုပြင်မှုနှင့် ပတ်သက်၍ရေရှည်တည်တံ့စေရေးအတွက် စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြား ချက်များထားရှိပါမည်။<br>• လမ်းပြုပြင်မှုအားမပျက်စီးအောင်ကျေးရွာသူ/ကျေးရွာသားများအားလုံးထိန်းသိမ်းသွားပါမည်။<br>• လမ်းအခြေအနေအား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင် သွားပါမည်။ |

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

### ကွန်ဖြူကျေးရွာအုပ်စု၊ ဟိုပွေ့ကျေးရွာ

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးစိုင်းပန်းလူ | ဦးမောင်ထွန်း | ၁၃/လရန(နိုင်) ၁၉၈၉၆၈ | ၄၃ | ဥက္ကဌ | |
| ၂ | ဦးစိုင်းကျော်အေး | ဦးလုံးစိုင်း | ၁၃/လရန(နိုင်) ၂၁၁၆၅၀ | ၄၅ | အဖွဲ့ဝင် | ၀၉-၄၄၁၁၅၅၀၉၈ |
| ၃ | ဒေါ်နန်းခမ်းစိန် | ဦးရွက်စိုင်း | ၁၃/လရန(နိုင်) ၁၃၀၉၅၃ | ၂၇ | စာရင်းကိုင် | |
| ၄ | ဦးစိုင်းခိုင် | ဦးထွန်းဝီး | ၁၃/လရန(နိုင်) ၂၁၁၆၅၂ | ၃၀ | ဘဏ္ဍာရေးမှူး | |
| ၅ | ဒေါ်နန်းလှကြည် | ဦးမောင်ပု | ၁၃/လရန(နိုင်) ၂၀၁၁၀၄ | ၂၂ | သော့ကိုင် | ၀၉-၆၇၇၄၅၂၃၁၇ |
| ၆ | ဦးစိုင်းစိန်ထွန်း | ဦးလုံးအွတ် | ၁၃/တယန(နိုင်) ၀၄၈၅၃၀ | ၃၅ | သော့ကိုင် | |
| ၇ | ဒေါ်နန်းဆိုင်ဆာ | ဦးစိုင်းခမ်းချယ် | ၁၃/လရန(နိုင်) ၁၉၇၀၇၂ | ၂၁ | အတွင်းရေးမှူး | ၀၉-၇၇၃၁၁၆၄၄၇ |

## ဝယ်ယူရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးစိုင်းကျော်အေး | ဦးလုံးစိုင်း | ၁၃/လရန(နိုင်) ၂၁၁၆၅၀ | ၄၅ | ဥက္ကဌ | ၀၉-၄၄၁၁၅၅၀၉၈ |
| ၂ | ဒေါ်နန်းလှကြည် | ဦးမောင်ပု | ၁၃/လရန(နိုင်) ၂၀၁၁၀၄ | ၂၂ | စာရင်းကိုင် | ၀၉-၆၇၇၄၅၂၃၁၇ |
| ၃ | ဦးစိုင်းစိန်ထွန်း | ဦးလုံးအွတ် | ၁၃/တယန(နိုင်) ၀၄၈၅၃၀ | ၃၅ | ဘဏ္ဍာရေးမှူး | |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁ | ၁ | ၂ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၈ | ၉ | ၂၇ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၈ | ၁၉ | ၂၇ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၅ | ၁၃ | ၂၈ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၈၉ | ၈၃ | ၁၇၂ | ၂ | ၂ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၃ | ၄ | ၇ | | |
| စုစုပေါင်း | | ၁၃၄ | ၁၂၉ | ၂၆၃ | ၂ | ၂ |
| စုစုပေါင်း အိမ်ထောင်စု | | | | | | ၅၈ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ (၁)နှစ်အောက်ကလေးများသည် မိုင်းယော်ကျေးလက်ကျန်းမာရေးဌာနသို့ ကာကွယ်ဆေးထိုးနှံကြပါသည်။ တစ်ချို့မိဘများသည် ကလေးများဖျားနာမည်စိုးသောကြောင့် ကာကွယ်ဆေးများ မထိုးပေးကြပါ။ မူလတန်းပညာတတ်မြောက်သူများပြီး အလယ်တန်းပညာတတ်မြောက်သူ မရှိသလောက်ရှားပါးသည်။ အများအားဖြင့် အလယ်တန်းပြီးဆုံးအောင်ပင် မတက်နိုင်ကြတော့ဘဲ ကျောင်းထွက်၍ အလုပ်လုပ်ကြသူကများပါသည်။ အချို့လူငယ်လူရွယ်များသည် စိုက်ပျိုးရေးအလုပ်နှင့် ဝမ်းစာမဖူလုံသောကြောင့် ပိုမိုကောင်းမွန်သောအလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများရရှိရန် ပြည်ပနိုင်ငံများသို့ သွားရောက်ကာ အလုပ်လုပ်ကြပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂၄ | | | ၃၆ | ၃၄ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၇ | | | ၁၀ | ၆ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | | | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | | | | | | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။ "အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်)အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုး ရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ဟိုပေွ့ကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးနှင့်တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းကို အသင့်အတင့်သာ လုပ်ကိုင်ကြပါသည်။ အချို့အိမ်ထောင်စုများမှာ ဝါးဖြင့်ထမင်းစားပွဲပြုလုပ်ရောင်းချခြင်းများ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

